# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## အမိန့်ပြန်ကြော်ငြာစာ

အမှတ်၊ ၇ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

**အမှာစာတိုးတက်စေရန် ကုန်ပစ္စည်းရောင်းချရာတွင် အပိုပေးခြင်းနှင့် အရောင်းမြှင့်တင်ရေးအတွက် ကုန်ပစ္စည်းအခမဲ့ပေးခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းဆိုင်ရာ အမိန့်ပြန်ကြော်ငြာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကုန်ပစ္စည်းရောင်းချရာတွင် အပိုပေးခြင်းနှင့် အရောင်းမြှင့်တင်ရေးအတွက် ကုန်ပစ္စည်းအခမဲ့ပေးခြင်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အခွန်ထမ်းများ ရှင်းလင်းစွာ သိရှိနိုင်စေရန် ဤအမိန့်ပြန်ကြော်ငြာချက်ကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့် အကြောင်းအရာ**

၂။ ဤအမိန့်ပြန်ကြော်ငြာချက်သည် ကုန်ပစ္စည်းအပိုပေးခြင်း သို့မဟုတ် အရောင်းမြှင့်တင်သည့်အနေဖြင့် ကုန်ပစ္စည်းအခမဲ့ပေးခြင်းပြုလုပ်သည့် ရောင်းဝယ်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် မည်ကဲ့သို့အမိန့်ပြန်ကြောင်းကို ရှင်းလင်းအသိပေးခြင်းဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤအမိန့်ပြန်ကြော်ငြာချက်သည် ကုန်ပစ္စည်းများအား ကုန်သွယ်မှု/ရောင်းဝယ်မှု ပြုလုပ်နေသည့် ရောင်းချသူနှင့် ဝယ်ယူသူနှစ်ဦးလုံးအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာ အမိန့်ဖော်ပြချက်များ**

၄။ **ကုန်ပစ္စည်းအပိုပေးခြင်းဆိုသည်မှာ** ဝယ်ယူသူတစ်ဦးက သတ်မှတ်ထားသည့် အရေအတွက်အထိ ကုန်ပစ္စည်းဝယ်ယူမည်ဆိုပါက ရောင်းချသူသည် ၎င်းဝယ်ယူသူသို့ ကုန်ပစ္စည်း အပိုပေးခြင်းကို ဆိုသည်။ ဥပမာအားဖြင့် ကုန်ပစ္စည်း(၁၀) ခုဝယ်ယူပါက၊ ယင်းကုန်ပစ္စည်း (၁၀) ခု၏ တန်ဖိုးသာ ပေးရပြီး အပိုတစ်ခုရရှိခြင်း ဖြစ်ပါသည်။

D:\DMD No-6\Work file\IS\B&S\M-Version\final update version.docx

၅။ **ကုန်ပစ္စည်းအခမဲ့ပေးခြင်းဆိုသည်မှာ** ကုန်ပစ္စည်းများ ဝယ်ယူလာစေရေးအတွက် အရောင်းမြှင့်တင်သည့်အနေဖြင့် ဝယ်ယူသူအား ကုန်ပစ္စည်းအခမဲ့ပေးခြင်းကို ဆိုသည်။

**သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်**

၆။ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)။

(ခ) ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၄၂။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

**ကုန်ပစ္စည်းအပိုပေးခြင်း**

၇။ ဝယ်ယူသူတစ်ဦးသည် ကုန်ပစ္စည်းအပိုတစ်ခုရရှိရန်အတွက် ယင်းကုန်ပစ္စည်းကို သတ်မှတ်အရေအတွက်အထိ ဝယ်ယူရမည်ဖြစ်ပါသည်။ ဝယ်ယူသူက ကုန်ပစ္စည်း (၁၀) ခု ဝယ်ယူရန် ငွေပေးချေလိုက်တိုင်း ရောင်းချသူက ကုန်ပစ္စည်း (၁၁) ခုပေးရပါသည်။ ရောင်းချသူသည် ကုန်ပစ္စည်းအပိုတစ်ခုအပါအဝင် ကုန်ပစ္စည်းများကို ရောင်းချလိုက်ခြင်းဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) အရ ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်အပါဖြစ်သည့် ရောင်းရငွေကို လက်ခံရရှိပြီး၊ ဝယ်ယူသူသည် ကုန်သွယ်လုပ်ငန်းခွန်အပါဖြစ်သည့် ကုန်ပစ္စည်း (၁၁) ခုကို ဝယ်ယူခြင်း ဖြစ်ပါသည်။ ထိုအရောင်းအဝယ်တွင် ပါဝင်သည့် ကုန်သွယ်လုပ်ငန်းခွန်ပမာဏမှာ (ကုန်ပစ္စည်း (၁၀) ခု ရောင်းရငွေ x ၅ / ၁၀၅ ) ဖြစ်ပါသည်။

**နမူနာဖြစ်စဉ် - ၁**

"A" သည် ကုန်ပစ္စည်းရောင်းချသူဖြစ်ပြီး "B" သည် ၎င်းထံမှကုန်ပစ္စည်း ဝယ်ယူပြီး မိမိလုပ်ငန်းတွင် ပြန်လည်အသုံးပြုသူ ဖြစ်ပါသည်။ "A" သည် ကုန်ပစ္စည်း (၁၀) ခုဝယ်ယူပါက ကုန်ပစ္စည်း (၁၁) ခု ပေးမည်ဟု "B" အား ကမ်းလှမ်းထားပါသည်။ ကုန်ပစ္စည်းတစ်ခု၏ ရောင်းဈေးမှာ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ကျပ် ၁,၀၀၀ ဖြစ်ပါသည်။ "B" သည် ကမ်းလှမ်းထားသော ကုန်ပစ္စည်းအပိုတစ်ခု ရရှိရန်အတွက် "A" ထံမှ သတ်မှတ်ထားသောအရေအတွက် ရောက်ရှိသည်အထိ ဝယ်ယူရမည်ဖြစ်ပါသည်။ ဤနမူနာဖြစ်စဉ်တွင် ဝယ်ယူသည့် အရေအတွက်ကို (၁၀) ခုဟု သတ်မှတ်ထားပါသည်။ အကျိုးရလဒ်အဖြစ် "A" သည် ကုန်ပစ္စည်း (၁၀) ခုစာအတွက် ရောင်းရငွေကို လက်ခံရယူပြီး ကုန်ပစ္စည်း (၁၁) ခုကို ထုတ်ပေးလိုက်ပါသည်။ တစ်နည်းအားဖြင့် "A" သည် ကုန်ပစ္စည်းအပိုတစ်ခုအပါအဝင် ကုန်ပစ္စည်းများကို ရောင်းချလိုက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ "A" သည် ကုန်ပစ္စည်း (၁၁) ခု အတွက် ကုန်သွယ်လုပ်ငန်းခွန် အပါဖြစ်သည့် ရောင်းရငွေကို ရရှိပြီး၊ "B" သည် ကုန်သွယ်လုပ်ငန်းခွန်အပါဖြစ်သည့် ကုန်ပစ္စည်း (၁၁) ခုကို ဝယ်ယူလိုက်ခြင်း ဖြစ်ပါသည်။ ဤရောင်းချမှုတွင် ကုန်သွယ်လုပ်ငန်းခွန်မှာ ၄၇၆ ကျပ် (၁၀,၀၀၀ x ၅/၁၀၅) ဖြစ်ပါသည်။ "B" သည် ဝယ်ယူလိုက်သော ကုန်ပစ္စည်း (၁၁) ခုအတွက် ကျပ် ၁၀,၀၀၀ ပေးရပါသည်။ ဤဖြစ်စဉ်တွင်-

(က) "A" သည် မိမိ၏ ကုန်ရောင်းကြေညာလွှာတွင် "B" ထံမှ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် (၄၇၆ ကျပ်) အပါအဝင်ဖြစ်သည့် ရောင်းရငွေ ကျပ် ၁၀,၀၀၀ ကို ရရှိကြောင်း ဖော်ပြရပါမည်။

(ခ) "B" သည် မိမိ၏ ကုန်ရောင်းကြေညာလွှာတွင် "A" က ကောက်ခံထားသော ကုန်သွယ်လုပ်ငန်းခွန် (၄၇၆ ကျပ်) အပါအဝင်ဖြစ်သည့် ကျပ် ၁၀,၀၀၀ ဖိုးဝယ်ယူထားကြောင်း ဖော်ပြရမည်ဖြစ်ပြီး၊ ထိုပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် ခုနှိမ်ခွင့် (input credit) ရရှိမည် ဖြစ်ပါသည်။

## ကုန်ပစ္စည်းအခမဲ့ပေးခြင်း

၈။ ကုန်ပစ္စည်းအခမဲ့ပေးခြင်းမှာ အထက်ဖော်ပြပါ အခြေအနေနှင့် တူညီခြင်းမရှိဘဲ ဝယ်ယူသူ အနေဖြင့် ကုန်ပစ္စည်းကို သတ်မှတ်အရေအတွက်အတိုင်း ဝယ်ယူရန်မလိုအပ်ပါ။ ရောင်းချသူကသာ ကုန်ပစ္စည်းကို အခမဲ့ပေးခြင်းဖြစ်ပါသည်။ ကုန်ပစ္စည်းကို အခမဲ့ပေးခြင်းဆိုသည်မှာ အနာဂတ်တွင် ဝယ်ယူသူအား မိမိကုန်ပစ္စည်းကို ဝယ်ယူလာစေရန် မျှော်လင့်ချက်ဖြင့် အရောင်းမြှင့်တင်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ကုန်ပစ္စည်းကို အမှန်တကယ် ရောင်းချခြင်း မဟုတ်ပါ။ သို့သော် အခမဲ့ပေးလိုက်သော ကုန်ပစ္စည်းသည် ရောင်းချသူ၏ ကုန်လက်ကျန်စာရင်းတွင်လည်း မရှိတော့ပါ။

### နမူနာဖြစ်စဉ် - ၂

"A" သည် ကုန်ပစ္စည်းရောင်းချသူဖြစ်ပြီး "B" သည် ၎င်းထံမှကုန်ပစ္စည်း ဝယ်ယူပြီး မိမိလုပ်ငန်းတွင် ပြန်လည်အသုံးပြုသူ ဖြစ်ပါသည်။ "A"သည် အရောင်းမြှင့်တင်သည့်အနေဖြင့် "B" အားတစ်ခုလျှင် ကျပ် ၁,၀၀၀ တန်ဖိုးရှိသည့် ကုန်ပစ္စည်း (၅) ခုကို အခမဲ့ပေးလိုက်ပါသည်။ "A" သည် အခမဲ့ပေးလိုက်သောကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရန်/ ဝယ်ယူရန်အတွက် ကုန်သွယ်လုပ်ငန်းခွန် ၃၈ ကျပ် (၈၀၀ x ၅/၁၀၅) အပါအဝင် ကျပ် ၈၀၀ ကုန်ကျပါသည်။ "B" သည် လက်ခံရရှိသော ကုန်ပစ္စည်း (၅)ခုအတွက် ငွေပေးချေခဲ့ရခြင်း မရှိပါ။ ဤဖြစ်စဉ်တွင်-

(က) "A" သည် အရောင်းမြှင့်တင်သည့်အနေဖြင့် အခမဲ့ပေးလိုက်သော ကုန်ပစ္စည်း (၅) ခု အတွက် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ဤနမူနာဖြစ်စဉ်တွင် ကုန်သွယ်လုပ်ငန်းခွန်ပမာဏမှာ (၃၈ x ၅) ၁၉၀ ကျပ် ဖြစ်ပါသည်။

(ခ) "A" သည် အရောင်းမြှင့်တင်သည့်အနေဖြင့် အခမဲ့ပေးလိုက်သော ကုန်ပစ္စည်း(၅) ခုအတွက် ကုန်သွယ်လုပ်ငန်းခွန်မပါသည့် ပမာဏအား ကုန်ကျစရိတ်အဖြစ် တောင်းဆိုနိုင်ပါသည်။ ဤနမူနာဖြစ်စဉ်တွင် ကုန်ကျစရိတ်မှာ (၄,၀၀၀-၁၉၀) ၃,၈၁၀ ကျပ် ဖြစ်ပါသည်။

(ဂ) "B" သည် ကုန်ပစ္စည်းများကို ဝယ်ယူခြင်းမဟုတ်ဘဲ အခမဲ့ရရှိသည့်အတွက် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်မရရှိပါ။

**ဤအမိန့်ကြော်ငြာစာ ရှင်းလင်းဖွင့်ဆိုချက်ကို ကျင့်သုံးခြင်း**

၉။ အထက်ပါ နမူနာဖြစ်စဉ်များတွင် ရှင်းလင်းဖော်ပြချက်များအတိုင်း လိုက်နာကျင့်သုံးရန် ဖြစ်ပါသည်။

၁၀။ ဤအမိန့်ကြော်ငြာစာ ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊၁(၂)/၃စ -၁ / ပတခ / ၂၀၁၉(၁၀၆၈၄)
ရက်စွဲ ၊ ၂၀၁၉ခုနှစ် ၊ စက်တင်ဘာလ ၁၈ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။ |

| | |
|---|---|
| ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး | |
| ဌာနခွဲညွှန်ကြားရေးမှူးများအားလုံး | |
| ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး | သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန်ညွှန်ကြားပေးပို့ပါသည်။ |
| ဌာနမှူးများအားလုံး၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊(၂)၊(၃)၊(၄)၊(၅) | |
| တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများအားလုံး | |
| ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး | |

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ